# Deep Blue



Khoon Sat

# Deep Blue

## ခွန်းဆက်

## အပိုင်း(၁)

"အင်းပါ ... "

တိုးတိတ် မှောင်ရီနေတဲ့ တိုက်ခန်းလေးထဲ ဖျော့တော့တော့ အသံလေး တစ်ခု ထွက်ပေါ်လာပြီးနောက် "တီ" ဟူသော အသံတစ်ခု နောက်ဆက်တွဲ ထွက်ပေါ်လာသည်။ ၂၅နှစ် အရွယ်ရှိသော ကောင်လေးတစ်ယောက် အမှောင်ထုထဲ ထိုင်နေသည်။ နံရံကို အမှီပြုကာ ထိုင်နေရင်း သူ့လက်ထဲမှ ဖုန်းလေးကို တင်းတင်းကျပ်ကျပ် ဆုတ်ကိုင်ထားလေသည်။ သက်ပြင်းဖွဖွ ချသံတွေကလည်း ထိုလူငယ်လေးထံမှ ဆက်တိုက်ဆိုသလို ထွက်ပေါ်လာနေသည်။ ထိုလူငယ်လေး နာမည်က စောနောင်ဖြစ်သည်။

***

စောနောင်

မှောင်ရီဝေစ ပြုနေသော ပတ်ဝန်းကျင်တွင် လမ်းမီးရောင်တချို့ လင်းစပြု နေပြီ ဖြစ်သည်။ စောင်နောင် ဘေးပတ်ဝန်းကျင်က လူတချို့ကိုလည်း အာရုံ မစိုက်မိပါ။ ပူလောင် ဆွေးမြေ့နေသော စိတ်ကြောင့် ဘယ်သို့သော အရာကို မှ စောနောင်အာရုံစိုက်လို့မရ ဖြစ်နေသည်။

စောနောင် ရင်ထဲက ပူဆွေးမှုကို တွေးရင်း ဝမ်းနည်းစိတ်တို့က တစ်စ ထက်တစ်စ များပြားလာနေသည်။ အကြောင်းမှာမူကား စောနောင်ရဲ့

ချစ်သူကို အဆက်အသွယ် မရတာ တစ်လရှိပြီမို့ ဖြစ်သည်။ စောနောင်ဘက်က ဖုန်းဆက်ပေမဲ့ အလုပ်မအားလို့ ဆိုတဲ့ ဆင်ခြေမမည်သော ဆင်ခြေတစ်ခုအောက်မှာ စောနောင် နှုတ်ဆိတ်လိုက်ရသည် ချည်းသာ။

"တီး ... တီး ..."

"အမလေးဗျ ..."

စောနောင် ကားဟွန်းသံ အကျယ်ကြီး ကြားလိုက်ရသည်နှင့် တစ်ပြိုင်တည်း မိမိလက်တစ်ဖက်ကို ဆောင့်ဆွဲ ခံလိုက်ရသည်။ ထိုအရှိန်ကြောင့် လမ်းပေါ်ကို နောက်ပြန်လန်ကျ သွားရသည်။ ရုတ်တရက်မို့ အတော်လေး လန့်သွားရသည်။

စောနောင် လက်ထောက်မိလိုက်တာကြောင့် လက်ဖဝါးနဲ့ လက်ဖျံတစ်ဖက်က အနည်းငယ် နာကျင်သွားရသည်။ ကွန်ကရစ်လမ်း ဖြစ်တာကြောင့် ပြုတ်ကျတာနဲ့ အထိအခိုက် အပွန်းအပဲ့က ဖြစ်လွယ်သည်။

စောနောင် ပြန်ထဖို့အလုပ် လက်တစ်ခုက မိမိရှေ့သို့ ရောက်လာသည်။ ဖြူဖွေးသန့်ရှင်းသော လက်တစ်စုံတော့ မဟုတ်ပေ၊ ညစ်ပတ် ပေကျံနေသော လက်တစ်ဖက်သာ ဖြစ်သည်။

"ရ ... ရရဲ့လား မိန်း ... မ ... "

ရုတ်တရက် ကြားရလိုက်ရတဲ့ အခေါ်အဝေါ် တစ်ခုကြောင့် စောနောင် အသံလာရာ လက်တစ်ဖက်ပိုင်ရှင်ကို ကြည့်လိုက်မိသည်။ ညစ်ပတ် ပေပွနေသော မျက်နှာ၊ ရှုပ်ပွရှည်လျားသော ဆံပင်များနဲ့ ပါးသိုင်းမွေး ရေးရေးရှိသော လူတစ်ယောက်ကို မြင်လိုက်ရသည်။ ညစ်ပတ်နေသော အဝတ်အစားများနဲ့ ထိုလူထံမှ အနံ့ဆိုး တစ်ခုခုကို ရလိုက်သည်။

"ခဗျား ... ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ် ... "

"မိန်းမလေ ... ငါ့မိန်းမမို့ မိန်းမလို့ ခေါ်တာပေါ့ကွ ..."

စောနောင် ရောက်ရှိနေတာက ဘုရင့်နောင် လမ်းဆုံဘက် ဖြစ်တာကြောင့် လူသွားလူလား အရမ်းများသည်။ လူတချို့မိမိနဲ့ ထိုလူကို ကွပ်ကြည့်သွားကြသည်။ ဒီလူဘာကြောင့် မိမိကို မိန်းမလို့ခေါ်တာလဲ မိမိမသိပါ။ သို့သော်လည်း အရမ်းဒေါသထွက်မိသည်။ မျက်မှောင်ကြုတ်လိုက်ပြီး ပြန်ပြောဖို့ ဟန်ပြင်လိုက်ချိန် အသံတစ်ခုက ထွက်ပေါ် လာပြန်သည်။

"သားလေးရယ် တောင်းပန်ပါတယ်ကွယ် ဦးလေးသားလေးက စိတ်မနှံ့လို့ပါကွယ် ..."

စုတ်ပြတ်ပြတ်ဝတ်ကာ လက်တွန်းလှည်းကြီး တွန်းလာတဲ့ ဦးလေးကြီးတစ်ယောက် ခပ်လှမ်းလှမ်းကနေ လှမ်းအော်လာသည်။ ထို့ကြောင့် စောနောင်ပြောဖို့ စကားလုံးတွေပင် လည်ပင်းမှာ တစ်စို့သွားရသည်။ "ရူးနေတာလား" ဆိုပြီး စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ စောနောင်ကိုယ်ဘာသာ ကုန်းထကာ မတ်တတ်ရပ်လိုက်သည်။ စောနက လူကတော့ မိမိကိုပြုံးပြီးကြည့်နေတာ သူ့ရဲ့အဝါရောင် သွားများပင် ပေါ်နေတော့သည်။

"သားလေးရယ် ဘယ်နား နာသွားသေးလဲကွဲ့ ... ဦးလေး တောင်းပန်ပါတယ်ကွယ် ..."

"မဟုတ်တာဗျာ ကျွန်တော်ကားနဲ့ တိုက်မိမလိုဖြစ်လို့ ဒီအစ်ကိုက ဆွဲလိုက်တာပါ ... အဲဒါကြောင့် လဲကျသွားရတာပါဗျ ..."

"သြော်အေးပါကွယ် ... အဖေ့သားက လိမ္မာလိုက်တာ ..."

ဦးလေးကြီး ဟိုအစ်ကိုကို ခေါင်းလေး ပွတ်သပ်ပေးကာ မျက်ရည်စတို့ရစ်ဝဲသော မျက်လုံးများဖြင့် ကြည့်နေလေသည်။ အစ်ကိုကြီးကလည်း ဘာမှမသိသလို သူ့ရဲ့မျက်ဝန်းများ မှိတ်သွားသည်အထိ မိမိကို ရယ်ပြနေသည်။

ထိုမြင်ကွင်းက စောနောင်ကို စိတ်မကောင်းတော့ ဖြစ်စေသည်။

"ကျွန်တော် သွားတော့မယ်နော် ဦးလေး ..."

"အေးအေးသားလေး ကားသတိထားနော် ..."

ဦးလေးကို နှုတ်ဆက်ပြီးတာနဲ့ မိမိကို ကယ်တင်လိုက်တဲ့ အစ်ကိုကြီးအား ပြုံးပြရင်း ...

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး ... "

"ရပါတယ် မိန်းမရဲ့ ..."

"ဗျာ ..."

"သားဘာတွေ လျှောက်ပြောနေတာလဲ ..."

မိမိအား စတွေ့ကတည်းက မိန်းမဟုဘာကြောင့် ခေါ်ဝေါ်နေလဲ မသိပါ။ ရူးနေတာမို့ ဗွေတော့မယူမိ။ အူလည်လည်နဲ့ စောနောင် ခေါင်းလေးကုတ်ကာသာ ထိုနေရာမှ ထွက်လာခဲ့သည်။ ထိုဦးလေးတို့ကို အရင်က မတွေ့ဖြစ်ပါ။ ဒီကိုရောက်လာတာ ကြာသေးပုံမပေါ်။

စောနောင် ဈေးဘူတာဘက်သို့ ခပ်မှန်မှန် လမ်းလျှောက်လာခဲ့သည်။ လမ်းလျှောက်ရင်း ခုနက တွေ့ခဲ့တဲ့ သားအဖနှစ်ယောက်ရဲ့ ဖြစ်ရပ်ကိုမြင်ပြီး ပြန်တွေးကာ စိတ်မကောင်း ဖြစ်ရပြန်သည်။ ဦးလေးကြီးက လက်တွန်းလှည်းဖြင့် ဖူးခွံ ပုလင်းခွံတွေကို ကောက်နေပြီး သားဖြစ်သူကို ရှာကျွေးနေရဟန် တူသည်။ အစ်ကိုကြီးကလည်း ရူးနေတာဆိုတော့ သူလည်း သနားစရာပင် ဖြစ်သည်။ စောနောင်မိမိကိုယ်ကို ပြန်တောင် ရယ်ချင်လာသည်။ မိမိမှာလည်း ကိုယ့်အပူနဲ့ ကိုယ်ရှိနေတာတောင် တခြားသူစိမ်းတွေအတွက် ပူနေပြန်လို့ ဖြစ်သည်။

မရမ်းကုန်း ဈေးဘူတာဘက်သို့ ဝင်လာပြီး လမ်းထိပ်က ထမင်းဆိုင်မှာ

ဟင်းထုပ်ဝယ်ကာ မိမိနေထိုင်ရာ တိုက်ခန်းသို့ ပြန်ထွက်လာခဲ့သည်။ ခုနစ်ထပ်တိုက်ရဲ့ အပေါ်ဆုံး ခုနစ်လွှာရဲ့ ဘယ်ဘက်ခြမ်း တိုက်ခန်းမှာ စောနောင်ရဲ့ နေအိမ်လေးဖြစ်သည်။ စောနောင် တိုက်ပေါ်လှေကားကို စိတ်ညစ်ညစ်နဲ့ သီချင်းညည်းကာ တတ်လာခဲ့သည်။ ညည်းသံသည် ကြားရသူအဖို့ စိတ်ညစ်ညူးဖွယ် ကောင်းလောက်မည်။

သီချင်းကို ရှာန်ဝင်လိုက်တော့လည်း စိတ်ညစ်စရာတွေကို ခဏတာ မေ့သွားတော့သည်။ စောနောင် တိုက်ခန်းတံခါး ဖွင့်ကာ သော့ပြန်ခက်ပြီး အိမ်ထဲဝင်လာလိုက်သည်။ ကျောပိုးအိတ်ကို ဧည့်ခန်းက ဆိုဖာပေါ် ပစ်တင်လိုက်သည်။ လမ်းပေါ်မှာ အားတင်းကာ လျှောက်လာတဲ့ ခြေလှမ်းတို့က လေးပင်လာကာ အားအင်ပင် မရှိတော့ပါ။ စောနောင် အိပ်ခန်းထဲ ဝင်လာပြီး မိမိခုတင်လေးပေါ် ပစ်လှဲချလိုက်တော့သည်။ လူကလှုပ်မရအောင် ညောင်းညာနေတာကြောင့် လှဲသာ အိပ်ပစ်လိုက်သည်။

ကုမ္ပဏီမှာ ပင်ပန်းခဲ့သမျှ၊ ချစ်သူကြောင့် စိတ်ပင်ပန်း ခဲ့သမျှကို အဆတိုးကာ အနားယူလိုက် ရတော့သည်။

"လှပလွန်းတဲ့ ပန်းလေးတွေတောင် ... ကြမ်းတမ်းလွန်းတဲ့ မြေပြင်ကို ကျော်လွန်ဖောက်ထွက် ခဲ့တာပဲ ..."

အမှောင်ကျကာ တိတ်ဆိတ်လွန်းတဲ့ အခန်းလေးထဲ ဖုန်းသံထွက်ပေါ်လာမှ စောနောင်အိပ်နေရာမှ နိုးလာတော့သည်။ ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းကိုထုတ်လိုက်ကာ ကြည့်လိုက်တော့ ချစ်ရသူဆီက ဖြစ်တာကြောင့် စောနောင် တောက်ပသော အပြုံးလေးကို ပန်ဆင်လိုက်မိသည်။

"ဟယ်လို ကိုကို ..."

" ... ... "

"ဟင် ... ငယ်တို့က ဒီလလည်း ထပ်မဆုံရ တော့ဘူးပေါ့ ..."

" ... ..."

"အင်းပါ ... ကျန်းမာရေး ဂရုစိုက်နော် ကိုကို ..."

တီခနဲ အသံနှင့်အတူ ကျသွားတဲ့ ဖုန်းလေးကိုသာ ဝေဝေလေး ကြည့်နေမိသည်။ တစ်လကို အနည်းဆုံး သုံးလေးကြိမ် တွေ့ကြရပေမဲ့ အခုတော့ မတွေ့ရတာ ဒီလနဲ့ဆို နှစ်လဖြစ်တော့မည်။ ကိုကိုက နေပြည်တော်မှာ အစိုးရဝန်ထမ်းမို့ တစ်လတစ်ခါနှစ်ခါ တွေ့ရသည်။ ခုတော့ အလုပ်မအားလို့ ခွင့်ရက် မရလို့ဆိုတဲ့ ဆင်ခြေတွေအောက်မှ စောနှောင်လွမ်းဆွေး ရပြန်သည်။

ကိုကိုကော ငယ့်ကို လွမ်းနေမလားလို့ တွေးမိပြန်သည်။ လွမ်းမှာပါ သေချာပါတယ် လွမ်းကို ... လွမ်းမှာပါလို့ စိတ်ကို ဖြည့်တွေးလိုက်ရသည်။ ဒီလိုနဲ့ အချစ်ရဲ့ပူလောက်မှုတွေကြောင့် တစ်ညတာကို ကုန်ဆုံးခဲ့ပြန်သည်။

မနက်ပိုင်း တစ်ကိုယ်ရေ တကာရနေသော စောနှောင်မနက်စာကို အလုပ်သွားရင်း စားရမှာ ဖြစ်တာကြောင့် ရေမိုးချိုး ပြင်ဆင်ပြီးတာနဲ့ လမ်းပေါ်ထွက်လာခဲ့သည်။ လစာလေးနဲ့ ရာထူးက အဆင်ပြေတာကြောင့် တစ်ကောင်ကြွက် ဖြစ်ရတာတောင် ဂုဏ်တော့ သိပ်မငယ်လှပါ။ အရမ်းချမ်းသာတဲ့ လူတစ်စုနဲ့တော့ ဘယ်နှိုင်းတု နိုင်မည်နည်း။ ခုလိုပညာတွေကို မတတ်တတ်အောင် သင်ဖို့ ပံပိုးပေးခဲ့တဲ့ ကွယ်လွန်သူ အမိုးနဲ့ဖာထီးကို ကျေးဇူးတင်မိပြန်သည်။

စောနှောင် ထုံးစံအတိုင်း ဘုရင့်နောင် လမ်းဆုံဘက်သို့ လျှောက်လာခဲ့မိသည်။ အလုပ်က ကြည့်မြင်တိုင် မြို့ဘက်မှာ ရှိတာကြောင့် ဈေးဘူတာက ကားမစီးဘဲ ဘုရင်နောင် လမ်းဆုံဘက်ကသာ တက်စီးဖြစ်သည်။ စောနှောင် ကိုယ်တိုင်ကလည်း အတွေးသမား ဖြစ်တာကြောင့် လမ်းလျှောက်ရင်း ဟိုတွေးဒီတွေး တွေးရတာကို သဘောကျသည်။ စောနှောင် ဘုရင့်

နောင် လမ်းဆုံကိုရောက်တုန်း ဦးလေးကြီးတို့ သားအဖကို မျက်လုံးဝေ့ရှာကြည့်ပေမဲ့ မတွေ့ရတော့ပါ။ စိတ်မကောင်းတော့ ဖြစ်သွားရသည်။ ထိုသားအဖကို ကြည့်ရသည်မှာ ဒီဘက်မှာ နေထိုင်နေတဲ့လူတွေ ဖြစ်ပုံမရပါ။ ဒီဘက်ရောက်လာတာ သိပ်ကြာသေးပုံမရ။

နေဖို့အိမ်လည်း ရှိမည်မထင်ပါ။ နေမယ့်အိမ်မရှိရင် ဘယ်မှာ၊ ဘယ်လိုအိပ်မလဲ၊ ဘာတွေ ရှာစားမလဲ မသိတော့ပါ။ ညနေပြန်လို့ တွေ့ဖြစ်ရင်တော့ ဦးလေးကို အကြောင်းစုံ မေးမည်ဟု ဆုံးဖြတ်ချက် ချလိုက်မိသည်။

စောနောင် ထမင်းစားချိန်၊ အလုပ်နားချိန်နှင့် အလုပ်ဆင်းချိန်တိုင်း လုပ်ဖြစ်နေတာကတော့ ကိုယ့်ကိုဘာမှ အကြောင်းမပြန်တဲ့ အကောင့်တစ်ခုကို စာတွေ ပို့နေခြင်းဖြစ်သည်။ အလုပ်စပြီဆို စပြီဖြစ်ကြောင်း၊ ထမင်းစားပြီဆို စားပြီဖြစ်ကြောင်း၊ ဘာဟင်းနဲ့စားကြောင်း၊ စားလို့ကောင်းကြောင်းတွေ ရေးပို့တတ်သည်။ သို့သော် တစ်ဖက်က စာတောင်ဝင်မဖတ်တဲ့ အခြေအနေမို့ စောနောင် မိမိကိုယ်ကို အရူးတစ်ယောက်လိုတောင် ထင်မှတ်လာမိသည်။ ယခုလည်း အလုပ်ဆင်းချိန် ရောက်ပြီမို့ စောနောင် အလုပ်ဆင်းပြီဖြစ်ကြောင်းနှင့် အရမ်းလွမ်းကြောင်း စာလေးနှစ်ခုကို ပို့လိုက်သေးသည်။ စောနောင်သည် အရင်ကလောက် အရှက်တရား မရှိတော့ပါ။ အရင်ကလောက် အမှတ်မရှိတော့ပါ။ စောနောင်အချစ်ရဲ့ လက်ဖဝါးအောက် ရုန်းကန်ခြင်း မရှိ၊ စိတ်လိုလက်ရ ငြိမ်သက်စွာ နေနေသလို ဖြစ်နေသည်။ အချစ်လက်ဖဝါးက ဖိလေ အောက်ခြေက အဖက်မလုပ်ခြင်း ဆူးတွေထိုးစိုက်လို့ နာကျင်လာလေ ဖြစ်သည်။ သို့သော် စောနောင်မှာ လွတ်မြောက်လိုစိတ် မရှိပါ။ ကိုကိုသည် စောနောင်အတွက် ပထမဆုံး အချစ်ဦး ဖြစ်သည်မို့ ကိုကိုက ဖယ်မထုတ်မချင်း တွယ်ကပ်ထားဖို့ စောနောင်စိတ်ပိုင်း ဖြတ်ထားသည်။

စောနောင်ရဲ့ အိမ်အပြန်လမ်းတွင် လွင့်မျောတတ်သော စိတ်တို့ဟာ နာကျင်စရာ အကြောင်းတွေဆီကိုသာ ရောက်ရောက် သွားတတ်သည်။ တစ်ချိန်က ပျော်ရွှင်စရာ အမှတ်တရတို့သည်၊ ယခုချိန်မှာတော့ နာကျင်စရာ အမှတ်တရများ အဖြစ်သို့ အသွင်ပြောင်းနေသည်။

စောနောင် လမ်းက ထမင်းဗူးနဲ့ ဟင်းတွေကို ခါတိုင်းကထက် သုံးဆပိုဝယ်လိုက်သည်။ ဦးလေးကြီးတို့ကိုတွေ့ရင် ပေးဖို့အတွက် ရည်ရွယ်ထားလို့ဖြစ်သည်။ ဘုရင့်နောင် လမ်းဆုံလေးမှာ စောနောင်မတ်ရပ်ရင်း ပတ်ဝန်းကျင်ကို လေ့လာဆန်းစစ် နေမိသည်။ ဦးလေးကြီးတို့ သားအဖကို မတွေ့ပါ။ စောနောင် ခဏရပ်စောင့် နေလိုက်သည်။ နာရီဝက်နီးပါး ရောက်သည်အထိ မတွေ့တာကြောင့် စောနောင် မိမိဝယ်လာတဲ့ ထမင်းဗူးလေးကို ကြည့်ကာ သက်ပြင်းချလိုက်မိသည်။

"မတွေ့တော့လည်း ဘယ်တတ်နိုင်မလဲ ...."

ခပ်ဖွဖွ ရေရွတ်ပြီးနောက် လှည့်ပြန်ဖို့ ပြင်လိုက်တော့သည်။ ထိုအချိန် ကြည်လင်ပြက်သားပြီး၊ တတ်ကြွတဲ့ အသံတစ်ခုက ခပ်ရှင်းရှင်း ထွက်ပေါ်လာသည်။

"မိန်းမရေ ... မိန်းမ ..."

"အိုး ... ဒီလူကြီးလူကြားထဲ အာပြဲကြီးနဲ့ အော်နေပါလားကွာ ... အရှက်တော့ ကွဲပါပြီ ..."

နောက်လှည့်ကြည့်စရာ မလိုဘဲ ရှူးနေတဲ့ အစ်ကိုကြီးက မိမိကို ရည်ညွှန်းပြီး ခေါ်တယ်ဆိုတာ စောနောင်သိနေသည်။ ထိုအစ်ကိုကြီးရဲ့ အော်သံကြောင့် ပတ်ဝန်းကျင် မိမိကို ကြည့်လာသဖြင့် ရှက်ရှက်နဲ့ ရှူးနေတဲ့လူကို ခပ်တိုးတိုး အပြစ်စကား ဆိုမိသည်။

နောက်ကို လှည့်ကြည့်လိုက်တော့ မိမိအား အဖြူစင်ဆုံးနဲ့ အတောက်ပဆုံး ပြုံးပြနေတဲ့ အပြုံးနှစ်ခုကို မြင်ရသည်။ ညစ်ပတ်နေပေမဲ့ ထိုလူနှစ်ယောက်ရဲ့အပြုံးက သစ်လွင်လှပ နေသယောင်ရှိသည်။

စောနောင် စိတ်ထဲတွင်တော့ ပြုံးလိုက်မိသည်။ အပြင်တွင်တော့ ရှက်လို့ရဲတွတ်နေတဲ့ မျက်နှာကြီးသာ ဖြစ်နေသည်။

အနားရောက်လာတဲ့ သားအဖက ...

"သားလေးရယ် အဲဒီလို ကြီးမခေါ်နဲ့လို့ ဖေကြီးမပြောထားဘူးလား ... ဒီကကလေးကို အားနာစရာကြီးကွယ် ... "

"မရဘူးဗျာ ... မရဘူး ... သားမိန်းမမို့ မိန်းမလို့ ခေါ်တာလေ ဖေကြီးကလည်းဗျာ ...."

စကားများပြီး ရောက်လာတဲ့ သားအဖကြောင့် ရှက်စိတ်တွေလည်း ပျောက်သွားတော့သည်။ လက်ထဲက ဗူးလေးတွေကို မိမိအတွက် ဟင်းထုတ် တစ်ထုတ်သာ ဖယ်ထားပြီး သားအဖနှစ်ယောက်အား ပေးလိုက်သည်။

"မိန်းမဘာတွေလဲ ..."

"သားလေး ..."

မိန်းမလို့ခေါ်လို့ ဦးလေးက အစ်ကိုကြီးကို ဝင်ဟန့်လာသည်။ ကလေးတစ်ယောက်လို နှုတ်ခမ်းကြီး ဆူထားတာ သူ့ခန္ဓာကိုယ်နဲ့ ပါးပြင်က ပါးသိုင်းမွေးကိုတောင် အစ်ကိုကြီးက အားနာဟန် မရှိပါ။

"ထမင်းနဲ့ဟင်းပါ အစ်ကိုကြီးတို့ သားအဖစားဖို့ ..."

"ဟင်တကယ်လား ထမင်းမစားရတာ နှစ်ရက်ရှိပြီ မိန်းမရဲ့ ..."

စောနောင်မိမိအား ပြောလာတဲ့ အစ်ကိုကြီးတို့ကို သနားမိသွားသည်။

အစ်ကိုကြီးကတော့ ထမင်းထုတ်ကို ကြည့်လိုက်၊ မိမိကိုကြည့်လိုက်နဲ့ အဖြူ စင်ဆုံး အပြုံးလေးကို ပြုံးနေသည်။ ဘေးက ဦးလေးကြီးကတော့ သူ့သား ကိုသာ ကြည့်နေလေသည်။ ဦးလေးကြီးရဲ့ မျက်ဝန်းထဲ မျက်ရည်စတွေ ကြောင့် စောနောင်ရင်ထဲ မကောင်းသလို ဖြစ်လာရသည်။ ဝမ်းနည်းမိသလို ဖြစ်လာရသည်။

***